## သင့်တွင် IGRA (အိုင်ဂျီအာရ်အေ) သွေးစစ်ဆေးမှုတွင် ရောဂါပိုးတွေ့ရှိခဲ့လျှင်....

နော်ဝေးနိုင်ငံတွင် လူတချို့ကို IGRA (အိုင်ဂျီအာရ်အေ) သွေးစစ်ဆေးမှုကိုအသုံးပြုပြီး တီဘီရောဂါကို ပုံမှန်စစ်ဆေးပေးကြပါသည်။

## IGRA (အိုင်ဂျီအာရ်အေ) သွေးစစ်ဆေးမှုတွင် ရောဂါပိုးတွေ့ရှိခြင်းဆိုတာ ဘာလဲ?

- IGRA (အိုင်ဂျီအာရ်အေ)သွေးစစ်ဆေးမှုတွင် ရောဂါပိုးတွေ့ရှိခဲ့လျှင် သင့်မှာတီဘီရောဂါကူးစက်ခံနေရပြီဆိုသည့် အဓိပ္ပါယ်ဖြစ်သည်။ သို့သော်လည်း သင်နာမကျန်းဖြစ်နေပြီဟု မဆိုလိုပါ။ ကမ္ဘာ့လူဦးရေ၏ သုံးပုံတပုံခန့်သည် ဘာရောဂါမှမခံစားရဘဲ IGRA (အိုင်ဂျီအာရ်အေ) စစ်ဆေးမှုမှာ ပိုးတွေ့နေရသည်။ ဆိုလိုသည်မှာ ငုပ်လျှိုးကူးစက်ခံနေရသော သဘောဖြစ်သည်။

## ငုပ်လျှိုးကူးစက်ခံရမှုသည် အန္တရာယ် ရှိပါသလား။

- ငုပ်လျှိုးတီဘီကူးစက်ခံရသူသည် ဘဝတသက်တာအတွင်း တီဘီရောဂါဖြစ်လာနိုင်သည့် အန္တရာယ်ပိုများသည်။ လူ(၂၀)တွင်တဦးခန့်က ၄င်းကိုခံစားရနိုင်သည်။ ရောဂါတခုခု (ဥပမာ- HIV(အိုက်ချ်အိုင်ဗွီ)ကူးစက်မှု သို့မဟုတ် ကုသမှု (ဥပမာ - ကင်ဆာရောဂါ) ကြောင့် သင်၏ကိုယ်ခံအားစနစ်က အားသိပ်မကောင်းခဲ့လလျှင် သင်သည်ကူးစက်ခံရပြီး မကြာမီမှာပင် နာမကျန်းဖြစ်နိုင်သည့်အခွင်းအလမ်းများပါသည်။ တီဘီရောဂါအတွက် ကုထုံးများရှိနေပြီဖြစ်သလို ဝေဒနာသည်အများစုသည်လည်း လုံးဝအရှင်းပျောက်ကင်းသက်သာနိုင်ပါသည်။

## အခြားသူများကို ကူးစက်နိုင်ပါသလား?

- ငုပ်လျှိုးတီဘီရောဂါရှိသူများသည် ဖျားနာမှုမရှိကြသကဲ့သို့ အခြားသူများကိုလည်း မကူးစက်နိုင်ပါ။

**ကုသမှုခံယူရန် လိုအပ်ပါသလား?**

တချို့ကိစ္စရပ်များတွင် တီဘီဖြစ်ပွားမှုနှုန်းကို တားဆီးရှောင်ရှားနိုင်စေရန် ကြိုတင်ကာကွယ်ကုသမှု လိုအပ်ကောင်းလိုအပ်နိုင်ပါသည်။ အဆိုပါအချက်သည် သင့်ဆရာဝန်ဆုံးဖြတ်ရမည့် အချက်ဖြစ်ပါသည်။ ယင်းကုသမှုသည် အထူးသဖြင့် လတ်တလောကူးစက်ခံထားရသူများ၊ ခလေးငယ်များနှင့် ကိုယ်ခံအားစနစ် အားနည်းသူများအပါအဝင် အချို့လူများအတွက် သက်ဆိုင်ပါသည်။

**အထူးသတိထားရမည့်အချက်များ ရှိပါသလား?**

- IGRA (အိုင်ဂျီအာရ်အေ) ရောဂါရှာဖွေစစ်ဆေးမှုတွင် ရောဂါပိုးတွေ့ရှိသည်ဆိုသည်မှာ သင့်အနေဖြင့် သင့်လူမှုဘဝနေထိုင်ပုံကို ပြောင်းလဲပစ်ရန်လိုအပ်နေပြီဆိုသည့် အဓိပ္ပါယ်မသက်ရောက်သော်လည်း သင်ဖျားနာလာပြီဆိုလျှင် သင်သည်မှန်ကန်သည့်ပြုစုကုသမှုရရှိရန်အတွက် သင့်တွင် (IGRA) (အိုင်ဂျီအာရ်အေ) ပိုးတွေ့ခြင်း(သို့မဟုတ်) လက္ခဏာပြသည့် ငုပ်လျှိုးတီဘီရောဂါပိုးရှိနေကြောင်း သင့်ဆရာဝန်အား အသိပါပေးရပါမည်။

အောက်ပါအချက်များသည် သင့်မှာတီဘီရောဂါဖြစ်နေသည့် လက္ခဏာရပ်များဖြစ်သည်။
- ချောင်းဆိုးကြာရှည်ခြင်း (၃ ပါတ်ကျော် ကြာသည်အထိ)
- ကြာရှည်စွာ ဖျားခြင်း
- ညဖက် ချွေးထွက်ခြင်း
- ကိုယ်အလေးချိန် လျော့ကျလာခြင်း

**နောက်ထပ်အချက်အလက်များကို ဘယ်မှာရှာလို့ ရနိုင်မလဲ?**

http://www.fhi.no/tema/tuberkulose/informasjon-til-pasienter